ကလေးများ လက်လှမ်းမမီသောနေရာတွင်
လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ

## သတိပြုရန်

- ဆေးဖျန်းစဉ် လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီလက်ရှည်၊ မျက်ကာမှန်၊ အနားကျယ်သောဦးထုပ်၊ မျက်နှာဖုံး စသည့်အကာအကွယ်ဝတ်စုံများကို အပြည့်အစုံ ဝတ်ဆင်ရမည်။
- မျက်လုံးနှင့် အရေပြားပေါ်သို့ ဆေးနှင့် တိုက်ရိုက်မထိတွေ့စေရ။
- ဆေးကိုင်တွယ်အသုံးပြုနေချိန် အစာစားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း မပြုရ။
- ဆေးဖျန်းပြီးလျှင် အဝတ်အစားများကို ဆပ်ပြာနှင့် ဂရုတစိုက် စင်ကြယ်အောင် လျှော်ဖွတ်ပါ။ ဆေးဖျန်းစဉ် လေဆန်မှ မဖျန်းရ။

## သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

- အေးမြခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် မူလဆေးဘူးခွံကို အဖုံးတင်းကြပ်စွာပိတ်၍ သိုလှောင်ပါ။
- ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ် သိမ်းဆည်းထားပါ။
- ဆေးဘူးခွံအလွတ်များကို ပြန်လည်အသုံးမပြုရပါ။ ထုခြေဖျက်ဆီး၍ မြေကျင်းနက်နက်တူးပြီး မြေမြှုပ်ပစ်ပါ။
- အသုံးပြုပြီးသော ဆေးဘူးခွံများကို မြစ်ချောင်း၊ အင်းအိုင်နှင့် မြောင်းများသို့ စွန့်မပစ်ရ။ မီးမရှို့ရပါ။
- လူအစားအစာ၊ တိရစ္ဆာန်အစားအစာ၊ မျိုးစေ့၊ ဓာတ်မြေသြဇာများနှင့် ရောနှောမသိုလှောင်ရ။

## ရှေးဦးသူနာပြုစုနည်း

- မျက်စိအတွင်းသို့ ဆေးဝင်လျှင် ရေများများနှင့် ဖြေးညင်းညင်သာစွာ ဖွင့်ချည်ပိတ်ချည် ၁၅ မိနစ်ခန့် ဆေးကြောပြီး ဆေးကုသမှုကို ခံယူပါ။
- ဆေးများကို ထိမိပါက ဆေးပေနေသောအဝတ်အစားများကို ချွတ်ပစ်ပါ။ ဆေးထိမိသော အရေပြားအား ရေ၊ ဆပ်ပြာဖြင့် ၁၅ မိနစ်မှ ၂၀ မိနစ်ထိ ဆေးကြောပါ။ ဆရာဝန်၏ အကြံဉာဏ်နှင့် ကုသမှုကို ခံယူပါ။
- ဆေးရှူမိလျှင် လူနာအား လေကောင်းလေသန့်ရရှိသော နေရာတွင် ထားပါ။
- ဆေးကို မျိုချမိပါက အန်အောင်မပြုလုပ်ရ။ အညွှန်းစာပါသော ဆေးဘူး၊ ဆေးထုပ်ခွံနှင့်အတူ နီးစပ်ရာဆရာဝန်ထံ ဆေးကုသမှု အမြန်ဆုံး ခံယူပါ။

ဖြေဆေး – ဖြေဆေးသီးသန့်မရှိပါ။ အဆိပ်သင့်လက္ခဏာအရ ကုသပါ။

| | |
|---|---|
| မှတ်ပုံတင်အမှတ် | P2018-2180 |
| ထုတ်လုပ်မှုအမှတ်စဉ် | |
| ထုတ်လုပ်သည့်ရက်စွဲ | |
| သက်တမ်းကုန်ဆုံးမည့်ရက်စွဲ | |

BURONOS

# COPFORCE EXTRA 43.95 WP

# ကော့(ပ်)ဖို့(စ်)အိတ်(စ်)ထရာ

## ၄၃.၉၅ ဒဗလျူပီ

# မှိုသတ်ဆေး

Active Ingredient : **Copper Oxychloride** .... 39.75%
**Cymoxanil** .................... 4.2%

Inert Materials : ......................................... 56.05%

ဆေးအုပ်စု – **Inorganic+Cyanoacetamide-oxime**










**1 kg**

ဖြန့်ချိသူ

BURONOS

**ဘရူနိုစ် ပရိုက်ဗေ့(ထ်) ကုမ္ပဏီလီမိတက်**
( BURONOS PRIVATE COMPANY LIMITED )
အမှတ်(၅၉/၆၁)၊ (ခြံအမှတ် – E)၊ မဟာဝိဇ္ဇာဓိရ်ရလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ထုတ်လုပ်သူ

**ZENITH CROP SCIENCES BULGARIA LTD**
75-83, DIMITAR MANOV STR., SOFIA 1408, BULGARIA

အဆိပ်ဖြစ်မှုအဆင့်အတန်း GHS အုပ်စု(၅)




BURONOS

**ကော့(ပ်)ဖို့အိတ်(စ်)ထရာ ၄၃.၉၅ ဒဗလျူပီ**
**မှိုသတ်ဆေး**

ကော့(ပ်)ဖို့(စ်)အိတ်(စ်)ထရာ ၄၃.၉၅ ဒဗလျူပီသည် သီးနှံပင်များတွင် ကျရောက်ဖျက်ဆီးတတ်သော မှိုရောဂါအမျိုးမျိုးကို ကာကွယ်နှိမ်နင်းရာတွင် ကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သော ထိသေအာနိသင်ရှိမှိုသတ်ဆေးဖြစ်ပါသည်။

## အသုံးပြုရန်အညွှန်း

| သီးနှံ | ကျရောက်သည့်ရောဂါ | နှုန်းထား (ဂရမ်/ဧက) | နှုန်းထား ဂရမ်/ ရေ ၂၀ လီတာ | နောက်ဆုံးဆေးဖျန်းပြီးနောက် ရိတ်သိမ်းခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ရက် |
|---|---|---|---|---|
| အာလူး၊ ခရမ်းချဉ် | စောပင်နာကျ၊ နှောင်းပင်နာကျ (လောင်မဲ)ရောဂါ | ၂၅၀–၃၅၀ | ၄၀–၆၀ | ၁၄ |
| စပျစ် | ရွက်ခြောက်ရောဂါ | ၂၀၀–၃၀၀ | ၃၅–၅၀ | ၁၄ |
| ရှောက်၊ လိမ္မော် | ချေးဖတ်ရောဂါ | ၂၀၀–၃၅၀ | ၃၅–၅၀ | ၁၄ |
| ကြက်သွန် | တောက်တဲ့မြီးရောဂါ | ၁၀၀–၂၀၀ | ၂၀–၃၅ | ၁၄ |
| ငရုတ် | မှဲ့ပြောက်စွန်း၊ ကိုင်းဖျားခြောက်ရောဂါ | ၁၅၀–၂၅၀ | ၂၅–၄၅ | ၁၄ |
| ဖရဲ၊ သခွားမွှေး | ရွက်ခြောက်ရောဂါ | ၂၀၀–၃၀၀ | ၃၅–၅၀ | ၁၄ |

- သီးနှံတစ်ရာသီတွင် ဆေးဖျန်းကြိမ်ရေ (၂–၃)ကြိမ်ထက် ပိုမဖျန်းပါနှင့်။
- ဆေးဖျန်းခြားရက် (၁၀–၁၄)ရက်
- ဆေးဖျန်းပြီးစိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ –(၂၄)နာရီ
- ဆေးဖျန်းပြီးနောက် (၆)နာရီခန့်မိုးလွတ်လျှင် ပိုကောင်းပါသည်။